

အိဝ်နိုင်း(oasis)
ဘမုတ်ဆိတ်နှင့်
ဝတစ်လုံး သရဆောင်

# ဘမှတ်ဆိတ်နှင့် ဝတစ်လုံးဆရာဆောင်

''အေ့ သောက်တော်ဘူးရယ်နဲ့ အိုမကွာ အိုမကွာ ဟေ့ သောက်တော်ဘူးရယ်နဲ့ အိုမကွာ အိုမကွာ အေ့ ဂေ့ ဘာတဲ့ တုန်းဟ''

ထုံးအိုးကြီး ရွာလမ်းတစ်လျှောက် လူတစ်ဦး ပုဆိုးစလွယ်သိုင်းကာ လက်တစ်ဖက်က ငါးတွဲတစ်တွဲကို ကိုင်ဆွဲထားလျက် သီချင်းတကြော်ကြော် အော်ဟစ်ကာ သီဆိုရင်း ဒယီးဒယိုင် ခြေလှမ်းများ ဖြင့် သိုင်းကွက်နင်းကာ ဝင်ရောက် လာလေသည် ။

ထိုသူကား ''မြဆောင်''။ တစ်နည်းအားဖြင့် ဆိုရပါလျှင် ထုံးအိုးကြီး ရွာသား ''အော့ကြောလန် မြဆောင်'' ''မြွေ မြဆောင်'' ပင် ။

မြဆောင်ဟု ဆိုလိုက်လျှင် ထုံးအိုးကြီးရွာ တစ်လျှောက် ကလေးအစ ခွေးအဆုံး တစ်ရွာလုံး သိကြလေသည် ။ မြဆောင်ကလည်း မမူးရင်သာ အကောင်း ပင်ကျရေလေးများ နည်းနည်းလောက် ဝင်ပြီဟေ့ ဆိုရင်တော့ တစ်ရွာလုံးပတ်ကာ ငါကိုင်တုတ်ရင်း အော်ဆဲလေတော့သည် ။ မြဆောင်အလုပ်က တောထဲဝင်ကာ ရသမျှ အကောင်ပလောင် ဖမ်းဆီးကာ ရောင်းသည် ။ များ သောအားဖြင့် သူအဓိက ဖမ်းလေ့ရှိသည် က အ ရွယ်စုံ အမျိုးအစားစုံမြွေများ ။ မြွေဖမ်းကလည်း ဘာကျွမ်းသလဲ မမေးနဲ့ မြဆောင်ဖမ်းပြီဟေ့ဆိုရင် မမိတဲ့ မြွေ မရှိသလောက်ပင် ရှားသည် ။

မြွေဖမ်းသည် ဆို၍ လည်း လက်နက်ကြီးကြီးမားမား ပါသလားမ

မေးနဲ့ တောထဲတွေ့သည့် သစ်ကိုင်းခြောက်များကပင် မြဆောင်၏ လက်နက်။ အရွယ်ခပ်လတ်လတ် သစ်ကိုင်းခြောက် တစ်ချောင်းလောက် ရှိရုံနဲ့ ပင် မြဆောင်တို့ က မြွေဖမ်းဖို့ အဆင်ပြေပြီးသားပင်။ တစ်ခါတလေတော့ သူဖမ်းမိသည့်မြွေများကို သွားရောက် ရောင်းချလေ့ရှိပေမဲ့ တစ်ခါတလေ မှာ တော့ သူဖမ်းမိသည့် မြွေအများ စုမှာ အရေခွံဆုတ်ခံရပြီး သူအရက်နှင့် မြည်းသည့် အမြည်း ဖြစ်သွားရသည် က ပိုများ လေသည် ။ အကောင်ပလောင်တွေ သတ်သည့်နေရာမှာ လည်း လက်ရဲဇက်ရဲက ရှိသလား မမေးနဲ့ ထစ်ခနဲဆို မြဆောင်တို့ က ခုတ်ပြီး ထစ်ပြီး အရေခွံဆုတ်ပြီးသား အသင့်။ ထို့ကြောင့်ပင် တစ်ရွာလုံးက သူ့နာမည်အရင်း မြဆောင် ဆိုတာရဲ့ ရှေ့မှာ ''အော့ကြောလန်မြဆောင်'' ''မြွေမြဆောင်'' ဆိုသည့် ဂုဏ်ပုဒ်ကို အလိုလို ကင်ပွန်းတပ်ခဲ့ကြလေသည် ။

ဟော ဒီနေ့လည်း မြဆောင်တစ်ယောက် မိုးလင်းကထဲက ရွာထိပ်က ကိုဖိုခွေးထန်းတောမှာ ပင်ကျရေ နှစ်မြူခန့်ဝင်ချပြီး ရီဝေဝေဖြင့် တောထဲသို့ ထွက်လာခဲ့လေသည် ။ ဒီနေ့ သူ မြွေဖမ်းရမည်။ မနေ့က ထန်းရေဝိုင်းမှာ ရွာထဲက ငမူးများ နှင့် ဝိုင်းဖွဲ့သောက်စားနေရင်း သူတို့ ဝိုင်းဘက်သို့ ဟိုဘက်ရွာက ဖဲသမားအောင်ဘနဲ့ လူစိမ်းတချို့ ရောက်လာပြီး မြဆောင် စိတ်ဝင်စားစေမည့် အကြောင်းအရာ တချို့ကို ကမ်းလှမ်းလာခဲ့သည် ။ တခြားတော့မဟုတ် ထိုလူစိမ်းက မြဆောင် မြွေဖမ်းကျွမ်းကျင်သည့် အလုပ်ကို ဘေးပတ်ဝန်းကျင် အပြောအရ ကြားဖူးပြီးဖြစ်နေသည့်အတွက် အကယ်၍ မြဆောင်သာ မြွေများ ဖမ်းဆီး ယူဆောင်ပေးမည် ဆိုပါက ငွေကြေး စို့စို့ပို့ပို့ပေးမည်ဟု ကမ်းလှမ်းလာခဲ့ခြင်းပင်။ ထိုကမ်းလှမ်းချက်က မြဆောင်လို လူတစ်ယောက် အတွက်တော့ မက်လောက်စရာ မက်လုံးတစ်ခုပင် ...မြွေဖမ်းသည် ဆိုသည် ကလည်း သူ့အတွက်တော့ အလွယ်ကူဆုံး အလုပ်တစ်ခုပင် မဟုတ်

ပါတကား''

''တောက် ... ဒီနေ့မှ သောက်မြွေတွေက ဘယ်သွား သေနေကြလဲ မသိဘူးကွာ ...''

မြဆောင်ဒေါသတကြီး ရေရွှတ်ရင်း တောအတွင်းပိုင်းဆီသို့ ပို၍ ပင်တိုးကာ ဝင်ရောက်လာခဲ့သည် ။ ဒီနေ့မြွေဖမ်းမည်ဟု လာမှ ပင် မြွေတွေက တစ်ကောင်မှ မတွေ့။ မြဆောင် ဒေါသတကြီးဖြင့် တွေ့သမျှ ချုံပုတ်များကို အတင်းဆွဲဖြဲကာ မြွေရှာပုံတော် ဖွင့်လေပြီ။

ထိုအခိုက် ...

''ရှီ ...ရှီ''

''ရှီ''

''ဟင်... မြွေတွန်သံပါလား တွန်သံက သံပြတ်ဆိုတော့ မြွေကောင်းတော့ မဖြစ်နိုင်ဘူး ဘာမြွေပဲဖြစ်ဖြစ် ဒီနေ့တော့ မြဆောင်လက်က မလွတ်စေရဘူးဟေ့ အသံက ဒီနားတစ်ဝိုက်ကပဲ လာတာဆိုတော့ မြွေကလည်း ကျိန်းသေ ဒီနားတစ်ဝိုက်မှာ ပဲ ရှိရမယ် ... အဟင်းဟင်း မြဆောင်နဲ့ တော့ တွေ့ကြပြီပေါ့ကွာ ''

မြဆောင်တစ်ယောက် အနီးနားတစ်ဝိုက်သို့ တစ်ချက်ဝေ့ဝဲကာ ကြည့်လိုက်ပြီး အရွယ် ခပ်လတ်လတ်ရှိပြီး မြွေဖမ်းရန်အတွက် အဆင်ပြေမည့် သစ်ကိုင်းခြောက် တစ်ချောင်းကို ရှာဖွေကောက်ယူ လိုက်ရင်း မြွေဖမ်းချင်ဇောဖြင့် မြွေတွန်သံကြားရာ မလှမ်းမကမ်းမှ ချုံပုတ်ရှိရာဘက်သို့ ချဉ်းကပ် လာခဲ့လိုက်သည် ။

''ဟာ ... နည်းတဲ့ အကောင်ကြီး မဟုတ်ပါလား ...ငါတော့ပွပြီ''

မှန်ပေသည် ။ သူတွေ့လိုက်ရသည် က ယောကျ်ား လက်ကောက်ဝ

တ်ခန့် လုံးပတ်ရှိသည့် နက်မှောင် ပြောင်လက်နေသော မြွေဟောက်ကြီး တစ်ကောင်။ မြွေကြီးမှာ အန္တရာယ်အနံ့ကို ရနေသည့်အလား ခေါင်းကြီးဘယ်ညာ ယိမ်းကာ ရန်သူကို ရှာဖွေနေ သယောင်ယောင်။ မြဆောင် သစ်ကိုင်းခြောက်ကို အသင့်အနေအထား ကိုင်၍ မြွေကြီးအနီးသို့ သတိ အနေအထားဖြင့် ချဉ်းကပ်သွားလေသည် ။ မြွေကြီးကလည်း ရန်သူကို မြင်လိုက်ရသည် နှင့် ဖြုန်းခနဲ ဆိုသလိုပင် ပါးပျဉ်းကြီးထောင်ကာ တရှူးရှူးအသံပေးလျက် ရန်သူကိုရင်ဆိုင်ရန် အသင့်အနေအထားဖြင့် စောင့်ကြည့် နေလေသည် ။

မြဆောင်ကတော့ မြွေဖမ်း ကျွမ်းကျင်နေသောသူပီပီ မြွေကြီးကို မျက်ခြည်မပြတ် ကြည့်ရင်းမှ ဖျတ်ခနဲ ဆိုသလိုပင် လက်ထဲမှ သစ်ကိုင်းခွဖြင့် မြွေကြီး၏ လည်ကုပ်နေရာသို့ ချိန်ဆ၍ လှမ်းထောက် ချလိုက်လေသည် ။